# ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ဂျီနီဗာမြို့၌ ချုပ်ဆိုသည့် နောက်ဆက်တွဲနားလည်မှု စာချွန်လွှာနှင့် ယင်း၏ အစည်းအဝေး မှတ်တမ်းအား သက်တမ်းတိုးမြှင့်ခြင်း သဘောတူညီချက်နှင့် ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် နေပြည်တော်၌ချုပ်ဆိုသော အဆိုပါ နောက်ဆက်တွဲနားလည်မှု စာချွန်လွှာနှင့် ယင်း၏အစည်းအဝေးမှတ်တမ်းအား စမ်းသပ်ကာလ ၁ နှစ်သက်တမ်း တိုးမြှင့်ခြင်း သဘောတူညီချက်

ဤသဘောတူညီချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(အိုင်အယ်လ်အို)တို့က အောက်တွင်လက်မှတ်ရေးထိုးသော အခွင့်ရကိုယ်စားလှယ်များဖြင့်ချုပ်ဆိုလိုက်သည်။ နောက်ဆက်တွဲ "နားလည်မှုစာချွန်လွှာ" ၏အပိုဒ် ၁၀ (ဤမှ နောက်တွင် နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာ ဟုရည်ညွှန်းသည်။) ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်စွဲပါ "အစည်းအဝေးမှတ်တမ်း" (ဤမှနောက်တွင် အစည်းအဝေးမှတ်တမ်း ဟုရည်ညွှန်းသည်။) နှင့် ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် နေပြည်တော်၌ ချုပ်ဆိုသောအဆိုပါ "နောက်ဆက်တွဲနားလည်မှုစာချွန်လွှာ နှင့် ယင်း၏အစည်းအဝေးမှတ်တမ်းအား သက်တမ်းတိုးမြှင့်ခြင်း သဘောတူညီချက်" တို့ကို မှတ်သား၍ အောက်ပါ အတိုင်းသဘောတူညီကြပါသည် -

၁။ စာချုပ်ဝင်နှစ်ဦးလုံးသည် နောက်ဆက်တွဲနားလည်မှုစာချွန်လွှာနှင့် ယင်း၏လိုအပ်သော အစိတ်အပိုင်းဖြစ်သည့် အစည်းအဝေးမှတ်တမ်းအား အလားတူစမ်းသပ်မှုအခြေခံဖြင့် ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက် နေ့မှစ၍ ၁ နှစ်ဖြစ်သည့် ၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့အထိ သက်တမ်းတိုးမြှင့်ရန် သဘောတူညီကြပါသည်။

၂။ နောက်ဆက်တွဲနားလည်မှုစာချွန်လွှာနှင့် အစည်းအဝေးမှတ်တမ်း၏ ရည်ရွယ်ချက်နှင့်စာသားများမှာမူလအတိုင်း မပြောင်းမလဲ တည်ရှိသည်။

၃။ နောက်ဆက်တွဲနားလည်မှုစာချွန်လွှာနှင့် အစည်းအဝေးမှတ်တမ်းသည် အောက်တွင်ဖော်ပြထားသောစာချုပ်ဝင်များ၏ အခွင့်ရကိုယ်စားလှယ်များက လက်မှတ်ရေးထိုးသည့်အခါ ဥပဒေကြောင်းအရဆက်လက် အကျိုးသက်ရောက်မှု ရှိမြဲ ရှိစေရမည်။

၄။ ဤသဘောတူညီချက်ကို အုပ်ချုပ်မှုအဖွဲ့သို့ ယင်း၏အကြိမ် ၃၀၃ မြောက် အစည်းအဝေးဆုံးဖြတ်ချက်များနှင့်အညီ တင်သွင်းရမည်။

ဤသဘောတူညီချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နေပြည်တော်တွင် ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့၌ ချုပ်ဆိုကြပါသည်။

(ဗိုလ်မှူးချုပ်တင်ထွန်းအောင်)
ဒုတိယဝန်ကြီး
အလုပ်သမားဝန်ကြီးဌာန
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

(မစ္စတာကာရီတာပီအိုလာ)
အမှုဆောင်ညွှန်ကြားရေးမှူး
အပြည်ပြည်ဆိုင်ရာ
အလုပ်သမားရေးရာအဖွဲ့